ခေါင်းစဉ် Title

ဌာနေတိုင်းရင်းသား ဒေသခံလူထု ရိုးရာဓလေ့ထုံးတမ်းသစ်တောဆိုင်ရာ မူဂါဒအကြံပြုချက်များ (အကြမ်း)

Indigenous/ethnic/local community/traditional forest policy recommendations. (Draft)

**ရည်ရွယ်ချက်**

မူဂါဒအတွက်အကြံပြုချက်မူကြမ်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

၁။ ဌာနေတိုင်းရင်းသားတို့၏ အမွေအနှစ်သစ်တောများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်။

၂။ နောင်လာနောက်သားများ၏ အသက်မွေးဝမ်းကျောင်းနှင့်ဘဂလုံခြုံရေးကို အထောက်အကူပြုစေရန်။

၃။ ဒေသခံလူထုတို့၏ ရိုးရာဓလေ့ထုံးတမ်းနှင့်အညီ ပိုင်ဆိုင်စီမံခန့်ခွဲသည့် သစ်တောများအား တရားဝင် အသိအမှတ်ပြုရန်။

၄။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့်ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကိုလျှော့ချရန်။

**အခြေခံလမ်းညွှန်မှု**

- သစ်တော နှင့် သဘာဂပတ်ဂန်းကျင် မူဂါဒရေးဆွဲချမှတ်ရာတွင် အခြေခံလူထု ပိုင်ဆိုင်မှုကို ဦးစားပေးခြင်း၊ ၎င်းတို့ကိုယ်တိုင် ကိုယ်ပိုင်စီမံခန့်ခွဲခွင့်၊ ပူးပေါင်းပါဂင်ဆုံးဖြတ်ပိုင်ခွင့် နှင့် ဒေသခံလူထုများအဓိပ္ပါယ်ဖွင့်ဆိုသည့်ရေရှည်တည်တန့်ခိုင်မြဲရေးကို အခြေခံရမည်။
- သစ်တောဆိုင်ရာမူဂါဒ နှင့် ဥပဒေများချမှတ်ရေးဆွဲရာတွင် နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံနှုန်းကို အခြေခံပြီးရေးဆွဲရမည်။
- ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများ ဦးစားပေးမှုကိုအခြေခံရမည်။
- သစ်တောမူဂါဒနှင့်ဥပဒေချမှတ်ရေးဆွဲရာတွင် ကုလသမဂ္ဂ၏ UNDRIP နှင့် ဒေသခံများပါဝင်သော FPIC ကိုအခြေခံရမည်။
- ကျေးလက်ဒေသအတွင်း အကောင်အထည်ဖေါ်မည့် မည်သည့်စီမံကိန်းမဆို ဆောင်ရွက်လိုပါက FPIC နှင့် နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံညွှန်းကို အခြေခံရမည်။
- သစ်တော နှင့် သဘာဂပတ်ဂန်းကျင်ဆိုင်ရာ မူဂါဒနှင့်ဥပဒေချမှတ်ရေးဆွဲရာတွင် စစ်မှန်သော ဖက်ဒရယ်မူနှင့် ကိုက်ညီရမည်။
- တရားမျှတ၍ စစ်မှန်သောငြိမ်းချမ်းရေး ဖြစ်စဉ်ကို အထောက်အကူပြုရမည်။
- လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ပြီး၊ ပြင်ဆင်ဖြည့်စွက်၍ အမှန်တကယ်လိုအပ်သည့် အချိန်တွင်ပြန်လည် သုံးသပ်၊ ဖြည့်စွက်၊ ပြင်ဆင် နိုင်ရမည်။
- သစ်တောနှင့် သဘာဝပတ်ဝန်းကျင် မူဝါဒချမှတ်ရာတွင် တိုင်းရင်းသားပြည်သူလူထု အလွှာအသီးသီး၏ မတူကွဲပြားမှုများအား အခြေခံ၍ချမှတ်ရမည်။
- ဘုံအရင်းအမြစ်များကို အခြေခံဌာနေတိုင်းရင်းသားများမှအစပြု၍ သတ်မှတ်ပြဌာန်းရန်၊

**မူဝါဒအတွက်အကြံပြုချက်များ (မူကြမ်း)**

- ရိုးရာဓလေ့ထုံးတမ်းများကို အသိအမှတ်ပြုရန်၊ ဌာနေတိုင်းရင်းသားများ အထွတ်အမြတ်ထားသော နေရာများကို အသိအမှတ်ပြု၍ လေးစားလိုက်နာရန်
- ဌာနေတိုင်းရင်းသား ဒေသခံလူထုများမှ ရပ်ရွာအလိုက်ချမှတ်ထားသော ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ သစ်တောစီမံခန့်ခွဲရေးအတွက် မူများနှင့်ရိုးရာဓလေ့ကျင့်ထုံးဥပဒေများ အသိအမှတ်ပြုခြင်း နှင့် ပံ့ပိုးကူညီထောက်ပံ့ခြင်း။
- ဌာနေတိုင်းရင်းသားများကိုယ်တိုင် စီမံခွင့်၊ ထိန်းသိမ်းခွင့်၊ ကာကွယ်ခွင့်၊ ငြင်းပျယ်ပိုင်ခွင့်၊
- ပရိဘောဂစက်ရုံအတွက် သစ်ထုတ်လုပ်ရာတွင် သစ်တောဌာနခွင့်ပြုချက်ရယူရမည့်အပြင် ကျေးလက်ဒေသရှိ ဌာနေတိုင်းရင်းသားများ၏ ၄င်းတို့ပြဌာန်းထားသော ရပ်ရွာဓလေ့ထုံးတမ်းဆိုင်ရာ သစ်တောစီမံခန့်ခွဲရေးဥပဒေများကိုလည်း လိုက်နာရမည်ဖြစ်ပြီး ၄င်းတို့၏ခွင့်ပြုချက်လည်းရယူရမည်။
- မည်သည့်အတွက်ကြောင့် သစ်တောတွင်းရှိသည့်သစ်များမဆို ထုတ်ယူခြင်းမပြုရန်နှင့် အကြောင်းအမျိုးမျိုးကြောင့်ထုတ်ယူရန်ရှိလာပါက ဒေသခံများအားကြိုတင်အသိပေးအကြောင်းကြား FPIC ပြုလုပ်ခြင်း နှင့် ဒေသခံများသဘောတူညီမှု နှင့် ၄င်းတို့၏ရပ်ရွာအစည်းအဝေးဆုံးဖြတ်ချက်ကိုရယူပြီးမှသာ အဆင့်ဆင့်စီစဉ်ဆောင်ရွက်ရမည်။
- အစိုးရသည် ပွင့်လင်းမြင်သာမှုရှိသော သစ်ထုတ်လုပ်မှုကို ဖော်ဆောင်ရန်
- သစ်တောရေးရာကာကွယ်ရန်အတွက် ဘဏ္ဍာရေးတိုးမြှင့်ရန် ထို့အတူ (သစ်တောဝန်ထမ်းများကို လုံလောက်သော လစာများ---စသောကူညီပံ့ပိုးမှုများကို ဖော်ဆောင်ရန်။)
- နိုင်ငံအကူးအပြောင်းကာလတွင် နိုင်ငံရေးမတည်ငြိမ်သောနေရာများတွင် စီမံကိန်းအကြီးစားများကို ရပ်ဆိုင်းထားရမည်။
- Mining, စီမံကိန်းများကို EIA, ESIA, FPIC ကိုပြုလုပ်ရန်
- ဒေသတွင်း သစ်တောကာကွယ်ရေးနှင့်ပတ်သက်၍ လုပ်ဆောင်နေသော အဖွဲ့အစည်းများကို အသိအမှတ်ပြုပေးရန်၊ သစ်တောထိန်းသိမ်းရာတွင် အဖက်ဖက်မှ လွတ်လပ်စွာပါဝင်ရမည်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မပြီးမြောက်ခင် ကာလအတွင်း သစ်ထုတ်လုပ်မှုကို ရပ်ဆိုင်းထားရန်
- ဒေခံများ၏ တိုင်ကြားခြင်းကို ဘက်လိုက်မှုမရှိသော အစိုးရခုံရုံး၊ ကော်မတီများကို ဖွင့်ထားရန်
- အစိုးရများ၏ သတင်းအချက်အလက်များကို လွတ်လပ်စွာ ရယူပိုင်ခွင့်၊
- သစ်တောထွက်ကုန်ချော်ထွက်နိုင်အောင် ဒေသခံများကို ဖော်ဆောင်ပေးရန်၊ အကျိုးမြတ်များကို ဒေသခံများကို တိုင်ခံစားနိုင်အောင်ဖော်ဆောင်ပေးရန်

- ဒေသတွင်း မည်သည့်တာဝန်ရှိပုဂ္ဂိုလ်များထံတွင်မဆို သစ်တောကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဆိုင်ရာများနှင့်ပတ်သက်၍ အသိအမြင်ဖွင့်သင်တန်းများ ဒေသခံလူထုများ၏ အမြင်နှင့်ဆန္ဒများကို လွတ်လပ်စွာဆွေးနွေးတင်ပြနိုင်ရမည်။
- ကျောင်းသင်ခန်းစာများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာနှင့်ပတ်သက်၍ ထည့်သွင်းတင်ကြားနိုင်ရမည်။
- ဒေသခံများနှင့်အတူ ၎င်းတို့ကိုယ်တိုင် အဓိပ္ပါယ်ဖွင့်ဆိုထားသော FPIC ကိုလုပ်ပြီးမှသာ အမျိုးသားဥယျာဉ် တည်ထောင်နိုင်မည်၊ ဒေသခံများသဘောမတူပါက လုံးဂဆောင်ရွက်ခြင်းမပြုရန်။
- ဌာနေတိုင်းရင်းသားများ၏ သစ်တောစီမံအုပ်ချုပ်မှုပုံစံ၊ နည်းစနစ်ကို အသိအမှတ်ပြုရန်၊ မူဂါဒများ နှင့် ဥပဒေအဖြစ်ရေးဆွဲချမှတ်ရာတွင် ဦးစားပေးထည့်သွင်းရမည်။ သစ်တောနှင့်သဘာဂပတ်ဂန်းကျင်မူဂါဒနှင့်ဥပဒေ ရေးဆွဲရာတွင်ဌာနေတိုင်းရင်းသားများ ပါဝင်ရမည်။
- မည်သည့် ဖွံ့ဖြိုးရေးစီမံကန်းများမဆို ပြုလုပ်ရန် ဒေသခံများသဘောတူပြီးပါက အဆိုပါစီမံကိန်းအကျိုးအမြတ်များကို ဒေသခံများအား မျှတစွာခွဲဝေပေးရမည်။
- လိုအပ်ချက်ထက်ပို၍ ရေဝပ်ဧရိယာသတ်မှတ်ပြီး သစ်တောများခုတ်ယူထုတ်လုပ်ခြင်းအား စီစစ်ရန်
- ရေဝဲ၊ ရေလဲဒေသများတွင် တန်ဖိုးမြှင့်သစ်များ စိုက်ပျိုးပေးရန်။
- ဥပဒေအတိုင်း ထိရောက်သောအရေးယူမှုများ ပြုလုပ်တားဆီးပေးရန်။
- တရားမဝင်သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲမှုများအား သတင်းပေးပို့သည့်အဖွဲ့အစည်းအား ကာလတန်ဖိုး၏ ၅၀%ပေးရန်။
- လာတ်ပေး၊လာတ်ယူမှုများအား အရေးယူရန်နှင့် တရားမဝင်သစ်ထုတ်လုပ်သည့် ဆက်စပ်ပစ္စည်းများအား အရေးယူရန်။
- အစိုးရမှ အစားထိုးလောင်စာများပြုလုပ်ပေးရန်။
- သစ်တောထုတ်လုပ်ရေး ကာကွယ်ရေး နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဆင့်ဆင့်တွင် ဒေသခံတိုင်းရင်းသားများအား ပူးပေါင်းပါဝင်မှုပြုရမည်။
- သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများအား စနစ်တကျအသုံးပြုခြင်း။ (((ဘယ်လိုစနစ်တကျလဲ)))
- တပ်သိမ်းမြေအတွင်း တရားမဝင်သစ်ထုတ်လုပ်မှု အားစီစစ်၊ တားဆီးပေးခြင်း။
- သစ်တောပြုစု၊ ပျိုးထောင်ခြင်းအတွက် သစ်တောဌာနအား ဘက်ဂျက်ငွေကို တိုးမြှင့်ပေးရမည်။
- မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ သက်ဝင်လှုပ်ရှားမှု ရှိစေရန် အစီအမံများချမှတ်ထားခြင်း၊ ဆောင်ရွက်စေခြင်း။
- လိုအပ်ချက်ထက်ပို၍သိမ်းထားသည့် တိုင်းရင်းသားများ ဓလေ့ထုံးတမ်းအရပိုင်ဆိုင်သော မြေများကို ပြန်လည်စီစစ်ပြီး ပြန်လည်လွှဲပြောင်းပေးခြင်း။

- သစ်တောအတွင်း ဘိန်းစိုက်ခင်းတည်ထောင်ထားသော တောအိုတောအောင်းများ ပျက်စီးခြင်းမှ ကာကွယ်နိုင်ရန် အစားထိုးသီးနှံစိုက်ခင်းများ စိုက်ပျိုးလာစေရန် ကူညီထောက်ပံ့ပေးခြင်း။
- အလုပ်အကိုင်ရှားပါးမှုကို ဖြေရှင်းဖြည့်ဆည်းပေးရန်။ အစားထိုးလောင်စာများဖြည့်စွက်ပြင်ဆင်ရန်။
- တရားဝင်သစ်ထုတ်လုပ်ခြင်းကို ပွင့်လင့်မြင်သာစွာ တိကျမှန်ကန်စွာပြုလုပ်ရန်။
- ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေများကို တိတိကျကျ ကျင့်သုံးရန်။
- သစ်တောရေးရာ ကဏ္ဍအတွက် နိုင်ငံတော်အသုံးစရိတ်တိုးမြင့်ချထားရန်။
- နိုင်ငံရေး အသွင်ကူးပြောင်းရေးကာလတွင် အကြီးစားစီမံကိန်းများအား ရပ်နားထားရန်။
- သတ္တုတူးဖော်ရေးလုပ်ငန်းများပြုလုပ်ရာတွင် ဒေသခံများနှင့် အရပ်ဖက်အဖွဲ့အစည်းများ အဖက်ဖက်ပါဝင်ကာ FPIC,EIA,SIA,HIA များပြုလုပ်ပြီးမှသာ တူးဖော်ရေးစီစဉ်ရမည်။
- ဒေသတွင်း အရပ်ဖက်ခေါင်းဆောင်များဖြင့် စုစည်းပြီး သစ်တောဆိုင်ရာ စောင့်ကြည့်မှုကော်မတီများ ဖွဲ့စည်းမှုကို အစိုးရမှ အသိအမှတ်ပြုလက်ခံရမည်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မပြီးမြောက်သေးမီ (အသွင်ကူးပြောင်းရေးကာလ) တွင် သစ်ထုတ်လုပ်မှုများအား ရပ်ဆိုင်းထားရန်။
- ဒေသခံတို့၏ တိုင်ကြားချက်များ၊ သတင်းပို့ပေးမှုများအား ဘက်လိုက်မှုကင်းစွာ ကြားနာ စီစစ်ဆောင်ရွက်ရန် အစိုးရအဆင့် ခုံရုံးဖွင့်ထားပေးရန်။
- အစိုးရဌာနဆိုင်ရာများ၏ သတင်းအချက်အလက်များကို လွတ်လပ်စွာ ရယူပိုင်ခွင့်ကို ခွင့်ပြုထားရန်။
- သစ်တောထွက်ကုန်ကြမ်းများအပေါ် အခြေခံပြီး သက်မွေးဝမ်းကြောင်းအတတ်ပညာများအား ဒေသတွင်းဌာနေတိုင်းရင်းသားများအား ဖော်ဆောင်ပေးရန်။
- သဘာဝပတ်ဝန်းကျင် နှင့် သစ်တောကာကွယ်ရေးဆိုင်ရာ အသိပညာပေး အမြင်ဖွင့် သင်တန်းများ၊ ပညာပေးလုပ်ငန်းများကို ဒေသတွင်း အာဏာပိုင်များ၊ဝန်ထမ်းများ နှင့် ဒေသခံများ အား ပြုလုပ်ပေးရန်။
- ဒေသခံများပါဝင်ဆုံးဖြတ်ချက်မရှိပါသော/သဘောတူညီမှုမရှိသော အမျိုးသားဥယျာဉ်သစ်တော(စီမံကိန်း) အား ဖော်ဆောင်ခြင်းမပြုရန်။ (ဒေသခံဌာနေတိုင်းရင်းသားများ အမှန်တကယ်ပါဝင်ပတ်သက်သည့် စစ်မှန်သော FPIC လုပ်ငန်းစဉ်များပြုလုပ်ပြီးမှသာ အကောင်အထည်ဖော်ရန်။)
- ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့ သစ်တောထိန်းသိမ်းရေးစနစ်ကို အသိမှတ်ပြုရန်နှင့် နိုင်ငံတော်အဆင့် ဥပဒေပြု ကာကွယ်ပေးရန်။

- သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် ဒေသခံဌာနေတိုင်းရင်းသားများ ပါဝင်ခွင့်ရှိစေရမည်။ (ဒေသအဆင့်/နိုင်ငံတော် အဆင့်)
- လုံခြုံစိတ်ချရသော တိုင်ကြားမှုနှင့် အရေးယူမှု ယန္တရား တစ်ခုတည်ဆောက်ပြီး၊ ခေတ်မီနည်းပညာဖြင့် ချိတ်ဆက်ဆောင်ရွက်ရန်။ (ပြန်ရှင်းလင်းရန်)
- စနစ်ကျသောရွှေ့ပြောင်းတောင်ယာအတွက် လိုအပ်သောနည်းပညာနှင့် အရင်းအနှီးများ ပံ့ပိုးပေးရန်
- ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့အရ မြေယာပိုင်ဆိုင်ခွင့်နှင့် အုပ်ချုပ်စီမံမှုကို အစိုးရက အသိမှတ်ပြုရမည်၊ အပြန်အလှန်လေးစားမှုရှိရမည်။
- ပြန်လည်သုံးသပ်ပြင်ဆင်သော သစ်တော မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လက်တွေ့ကျကျ ပြန်လည်သုံးသပ်ပြင်ဆင်ရန်။ ထို့သို့ပြင်ဆင်ရာတွင် ဌာနေတိုင်းရင်းသားများ အားလုံးချိတ်ဆက ်ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရမည်။
- သစ်တော ဂန်ကြီးဌာန မှ ဦးစီးဌာနအဆင့်ဆင့် နှင့် ၎င်းတို့ဆက်နွယ်နေသော တာဝန်ရှိဌာနဆိုင်ရာများ အဂတိလိုက်စားမှုများ ပပျောက်ရန် ထိထိရောက်ရောက် ပြန်လည်ပြုပြင်ရမည်။
- လက်တွေ့ကျသော မြေလွတ်၊မြေလပ် နှင့်မြေရိုင်း ဥပဒေကို ပြင်ဆင်ရေးဆွဲရန် (သို့) ဖျယ်ဖျက်ရန်
- နိုင်ငံရေးတည်ငြိမ်မှုရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု အစစ်အမှန်ကို မဖြစ်မနေ အကောင်အထည်ဖော်ရန်။
- အစိုးရ၊ ပြည်သူ၊ CSOs များ ပူးပေါင်းပြီးသော်လည်းကောင်း စောင့်ကြည့်ရေးအဖွဲ့များက သက်ဆိုင်ရာဌာနကိုတိုင်ကြားရာတွင် လွတ်လပ်စွာတိုင်ကြား တရားစွဲနိုင်ရမည်။
- မြန်မာနိုင်ငံအတွင်း မည်သည့်နေရာတွင်မဆို အမြင်ဖွင့်စာပေဟောပြောပွဲများ၊ သုတေသနပြုလုပ်ပြီး အချက်အလက် စုဆောင်း၍ အစီရင်ခံစာထုတ်ခြင်း။
- သစ်တောနှင့်သဘာဂပတ်ဂန်းကျင် ထိခိုက်သည့် (သို့) ပျက်စီးဆုံးရှုံးစေသည့် လူထုများကို ထိခိုက်ဆုံးရှုံးစေသည့် သတင်းအချက်အလက်များကို ပြည်သူများကြား ပြန့်နှံ့ရေးဆောင်ရွက်ရာတွင် မည်သူမဆိုလွတ်လပ်စွာပြုလုပ်နိုင်ရမည်။
- သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ စီမံအုပ်ချုပ်မှုများအား ဖြန့်ဝေအသိပေးခြင်း၊ ထိုသို့ပြုလုပ်ရာတွင် မည်သူမဆိုလွတ်လပ်စွာ သုံးသပ်ဆန်းစစ်နိုင်ပြီး ပြင်ဆင်လိုသည့်အချက်များကို လွတ်လပ်စွာပွင့်လင်းမြင်သာစွာ ထုတ်ဖေါ်နိုင်ရမည် ထို့အတူ ဒေသခံဌာနေတိုင်းရင်းသားများကလည်း ပူးပေါင်းပါဝင် ဆုံးဖြတ်ခွင့်ရှိရမည်။
- ဌာနေတိုင်းရင်းသားဒေသအလိုက် ပြဌာန်းထားသော ရပ်ရွာမူဂါဒများ၊ စည်းမျဉ်းစည်းကမ်းများ ဥပဒေများကို သက်ဆိုင်ရာဌာနများမှ လေ့လာဆန်းစစ်၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်း
- သစ်တောပြုန်းတီးမှုကိုလျှော့ချရန် ဒေသခံပြည်သူများအား အစားထိုးလက်မှုပညာများ သင်ကြားပေးခြင်း၊ ထို့အတူ စျေးကွက်တည်ထောင်ရန် ပံ့ပိုးကူညီထောက်ပံ့ခြင်း။

- UNDRIP 26 ကိုအသိအမှတ်ပြုခြင်း။
- သစ်ထုတ်လုပ်မှုလုပ်ငန်းများအစား အခြားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းပေးခြင်း။ ထုတ်လုပ်သည့်ရပ်ရွာထုတ်ကုန်များ ဈေးကွက်တည်ထောင်နိုင်ရန် အားပေးကူညီထောက်ပံ့ခြင်း။
-

**သစ်တောအဓိပ္ပါယ်ဖွင့်ဆိုချက်**

အကျယ် ၁ ဧက၊ ရွက်အုပ်ဖုံးလွှမ်းမှု ၁၀% အနည်းဆုံးရှိရပြီး အမြင့် ၁၅ပေရှိရသောနေရာတွင် ဇီဝမျိုးစုံမျိုးကွဲ၊ ဆေးဖက်ဝင်အပင်များရှိရပြီး ၄င်းကိုမှီခို သုံးစွဲထိန်းသိမ်းတတ်သော ဒေသခံပြည်သူ(သို့) ဌာနေတိုင်းရင်းသားလူမျိုးများနေထိုင်သော ဒေသကို သစ်တောဟုခေါ်သည်။

၁) သဘာဝပေါက်ပင်များစွာဖုန်းလွှမ်းပေါက်ရောက်ခြင်း။

၂) သစ်ပင်မျိုးစေ့ အမျိုးအစား (၃၀) မျိုးအထက် နှင့် သဘာဝပေါက်ပင် မျိုးစေ့ (၃၀) မျိုး အထက်ရှိခြင်း။

၃) ၁၀ မီတာအထက်ရှိတော သစ်ပင်များ အပင်အနိမ့်အမြင့်ရောနှောပေါက်ရောက်ခြင်း။

၄) ၁၀ ဟတ်တာ (၂၅ ဧက) အထက် အကျယ်အဝန်းရှိရမည်။

၅) သစ်တောမြေ (၂၅) ဧကသည် တဆက်တည်းတည်ရှိရမည်။

၆) ဇီဂမျိုးစုံမျိုးကွဲပါရှိခြင်း။

အစိုးရနှင့် ဒေသခံများအပါအဝင် အများပြည်သူတို့မှ သစ်တောဟုအသိအမှတ်ပြုထားသော သစ်၊ဝါး၊ ကြိမ်၊ ခြုံ၊ နွယ်၊ ပေါင်းမြက်၊ ဇီဝမျိုးစုံမျိုးကွဲများ၊ မြေပေါ်မြေအောက် သက်ရှိသက်မဲ့ သယံဇာတနှင့် သဘာဝအရင်းအမြစ်များ အစုံပါဝင်သည့် သစ်တောဖြစ်သည်။

သစ်တောဆိုသည်မှာ ၄င်းနှင့်ထိစပ်နေသော သက်ရှိများ၏ စားဝတ်နေထိုင်ရေးကို အဆင်ပြေစေရန် အပြည့်အဝထောက်ပံ့ပေးနိုင်သည့်အပြင် ပိုမိုကောင်းမွန်သော ဂေဟစနစ်ကို ဖန်တီးပေးနိုင်သော (၁) ဧကနှင့် အထက်ကျယ်ဝန်းသော နေရာကိုဆိုလိုသည်။